


ပုံ (၂)

နိုဝင်ဘာလ အတွင်းတွင် တပ်မတော်နှင့် ပတ်သက်သည့် ရေးသားမှု ၁၉ ရာခိုင်နှုန်း ရှိခဲ့သည်။ လက်နက်ကိုင် တိုက်ပွဲများတွင် အောင်မြင်မှုရရှိနေပြီးနှင့် ပြည်သူများမှ အားပေးထောက်ခံမှုများ ရှိနေကြောင်း ပုံဖော် ဝါဒဖြန့်ခဲ့သည်။ စစ်ကောင်စီမှ အတင်း အဓမ္မ စစ်သားသစ် စုဆောင်းကာ စစ်သင်တန်းပေးနေသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၅) ဆင်းပွဲနှင့် ထပ်မံဖွင့်လှစ်သည့် အမှတ်စဉ် (၇) တို့မှ သင်တန်းသားများ၏ ဓာတ်ပုံများ ရုပ်သံဗွီဒီယိုများကို အသုံးပြုကာ စစ်တပ်အနေဖြင့် အင်အားတောင့်တင်းလာပြီး၊ ခေတ်မီ လက်နက် ကိရိယာများကို အသုံးပြုနိုင်သည့် တပ်သားသစ်များ ရရှိကာ အင်အားတောင့်တင်းလာကြောင်း ပုံဖော် ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။

နိုဝင်ဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။




ပုံ (၃)

စစ်ကောင်စီ ဘက်တော်သား ဝါဒဖြန့်သူများသည် စစ်ရေး ရှုံးနိမ့်မှုများကို ဖုန်းကွယ်ရန် စစ်ရေးအရ အနိုင်ရရှိနေပြီး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၏ စခန်းများ၊ တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်ထားသည့် မြို့များကို ပြန်လည် သိမ်းပိုက်ရယူ နိုင်ကြောင်း ဝါဒဖြန့်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီ၏ အရေးပါသည့် တပ်မ ဌာနချုပ်များနှင့် တိုင်းစစ်ဌာချုပ်များကိုလည်း ကာကွယ်ထားနိုင်သည်ဟု ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများတွင် မှန်ကန်သည့် အချက်အလက်ကို အသုံးပြုကာ ဝါဒဖြန့်ခြင်း ရှိသကဲ့ အချက်အလက် အမှားများကို အသုံးပြုကာ ဝါဒဖြန့်သည်ကိုလည်း တွေ့ရသည်။ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကရင်နီတော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များ သိမ်းပိုက်ထားသည့် ဖယ်ခုံမြို့ကို ပြန်လည် သိမ်းပိုက် နိုင်ခဲ့သည်မှာ မှန်ကန် သော်လည်း တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို သိမ်းပိုက်နိုင်ခြင်း မရှိပါ။ သို့သော် စစ်ကောင်စီ ထောက်ခံသူများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စိတ်ဓာတ်တက်ကြွစေရန် စခန်းများ၊ မြို့များကို သိမ်းပိုက်ရရှိနေကြောင်း၊ စစ်ရေးတွင် နိုင်ပွဲများ ရရှိနေကြောင်း ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။

## ၄။ နိဂုံးချုပ်

နိုဝင်ဘာလအတွင်းတွင် မီးခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

နိုဝင်ဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၅ ရက်နေ့တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး မဟာမဲခေါင်ဒေသခွဲ (GMS) ထိပ်သီးဆွေးနွေးပွဲ၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သေနင်္ဗျူဟာ (ACMECS) အစည်းအဝေး တို့ကို တက်ရောက်ခဲ့သည်။ အဆိုပါ ခရီးစဉ်တွင် စစ်ခေါင်းဆောင်သည် တရုတ်နိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ထိုအခြေအနေများ အပေါ်တွင် အခြေခံကာ စစ်ကောင်စီ ဘက်တော်သားများမှ နိုင်ငံတကာ ရေးရာနှင့် သံတမန် ရေးတွင် အောင်မြင်မှုရရှိ နေပြီဖြစ်ကြောင်း ဝါဒဖြန့်ခဲ့သည်။

စစ်ကောင်စီမှ အတင်း အဓမ္မ စစ်သားသစ် စုဆောင်းကာ စစ်သင်တန်းပေးနေသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၅) ဆင်းပွဲနှင့် ထပ်မံဖွင့်လှစ်သည့် အမှတ်စဉ် (၇) တို့မှ သင်တန်းသားများ၏ ဓာတ်ပုံများ ရုပ်သံဗွီဒီယိုများကို အသုံးပြုကာ စစ်တပ်အနေဖြင့် အင်အားတောင့်တင်းလာပြီး၊ ခေတ်မှီ လက်နက် ကိရိယာများကို အသုံးပြုနိုင်သည့် တပ်သားသစ်များ ရရှိကာ အင်အားတောင့်တင်းလာကြောင်း ပုံဖော် ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။

စစ်ကောင်စီ ဘက်တော်သား ဝါဒဖြန့်သူများသည့် စစ်ရေး ရှုံးနိမ့်မှုများကို ဖုန်းကွယ်ရန် စစ်ရေးအရ အနိုင် ရရှိနေပြီး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၏ စခန်းများ၊ တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်ထားသည် မြို့များကို ပြန်လည် သိမ်းပိုက်ရယူ နိုင်ကြောင်း ဝါဒဖြန့်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီ၏ အရေးပါသည့် တပ်မ ဌာနချုပ်များနှင့် တိုင်းစစ်ဌာချုပ်များကိုလည်း ကာကွယ်ထားနိုင်သည်ဟု ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့ဝင် များသည် ကရင်နီတော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များ သိမ်းပိုက်ထားသည့် ဖယ်ခုံမြို့ကို ပြန်လည် သိမ်းပိုက် နိုင်ခဲ့သည်မှာ မှန်ကန် သော်လည်း တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို သိမ်းပိုက်နိုင်ခြင်း မရှိပါ။ သို့သော် စစ်ကောင်စီ ထောက်ခံသူများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စိတ်ဓာတ်တက်ကြွစေရန် စခန်းများ၊ မြို့များကို သိမ်းပိုက်ရရှိနေကြောင်း၊ စစ်ရေးတွင် နိုင်ပွဲများ ရရှိနေကြောင်း ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။

နိုဝင်ဘာလတွင် စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများနှင့် ပတ်သက်၍ စိတ်ဝင်စားမှု မြင့်တက် ခဲ့သည်ကို တွေ့ရသည်။